# မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၏ သတင်းထုတ်ပြန်ချက်

၁။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (International Extractive Industries Transparency Initiative) သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရန် ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် EITI အဖွဲ့ဝင်လောင်းနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပြီး လက်ရှိအချိန်အထိ မြန်မာနိုင်ငံ EITI အစီရင်ခံစာ (၅) ကြိမ်၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ mini budget အတွက် Summary Data Report (၁)ကြိမ်၊ Commodity Trading Report (၁)ကြိမ်၊ သစ်တောကဏ္ဍအစီရင်ခံစာ (၄) ကြိမ်၊ နှစ်ပတ်လည်အစီရင်ခံစာ (၆) ကြိမ်တို့အား နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးသို့ သတ်မှတ်ချိန်များအတိုင်း တင်သွင်းနိုင်ခဲ့ပါသည်။ နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးမှ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်များအား ၁-၇-၂၀၁၈ မှ ၄-၁၀-၂၀၁၉ အထိ ပထမအကြိမ်အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ၏ EITI အကောင်အထည်ဖော်ဆောင်မှုအား အဓိပ္ပာယ်ပြည့်ဝသောတိုးတက်မှု (Meaningful Progress) အဆင့်သတ်မှတ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်အချက်(Corrective Actions) ၁၂ ချက်ကို ဖော်ပြခဲ့သဖြင့် အဆိုပါအချက်များအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယင်းသို့ ဆောင်ရွက်လျက်ရှိစဉ် နိုင်ငံတကာ EITI ဘုတ်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၈-၂-၂၀၂၁ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းကို 2019 EITI Standard ၏ Article(8)b အရ ယာယီဆိုင်းငံ့ (Temporary Suspension) ခဲ့ပါကြောင်း၊ EITI ဘုတ်အဖွဲ့မှ ပုံမှန်စောင့်ကြည့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်နေမည်ဖြစ်ပါကြောင်း၊ ဆိုင်းငံ့နေစဉ်ကာလအတွင်း မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးနှင့် နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးတို့အကြား ဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နိုင်ငံတကာ EITI အတွင်းရေးမှူးချုပ်ရုံးက အကြောင်းကြားလာခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတကာ EITI အတွင်းရေးမှူးရုံးက မြန်မာနိုင်ငံနှင့်ပတ်သက်သည့် EITI လုပ်ငန်းစဉ်များ ဆောင်ရွက်မှုကို ခေတ္တဆိုင်းငံ့ထားသော်လည်း မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူအတည်ပြုချက်အရ EITI လုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအချိန်တွင် အောက်ပါတို့ကို ဆောင်ရွက်ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး ဦးဆောင်ကော်မတီကို ၂၇-၅-၂၀၂၁ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခြင်း၊

**နောက်ဆက်တွဲ(က)**

(ခ) မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး လုပ်ငန်းကော်မတီကို ၁၆-၉-၂၀၂၁ ရက်နေ့တွင် ပြန်လည်ဖွဲ့စည်းခြင်း၊ **နောက်ဆက်တွဲ(ခ)**

(ဂ) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး (National Coordination Secretariat) ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဖွဲ့စည်းထားရှိခြင်း၊

၄။ ထို့ပြင် အောက်ပါလုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

(က) ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ်များအတွက် ပေးအပ်သော မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးစီမံကိန်း ထောက်ပံ့ငွေသဘောတူစာချုပ် (Myanmar Extractive Industries Transparency Initiative Implementation Project's Grant Agreement) နှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်း ပိတ်သိမ်းနိုင်ရေး ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိခြင်း၊

(ခ) ၂-၂-၂၀၁၉ ရက်နေ့တွင် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံတွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ (MEITI-MSG)ကို ၉-၃-၂၀၂၁ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီး ပြန်လည်ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊

(ဂ) မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူး (National Coordinator) ရွေးချယ်တာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊

၅။ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သိရှိလိုသည်များရှိပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေး ကြေညာအပ်ပါသည်။

**E-mail: meitioffice.mopf@myanmareiti.org**

**Phone: 067-3410533 (ရုံးချိန်အတွင်း)**

**067-3410580**